# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 1 , 2024 Volume 76, Number 1

၁.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၃၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၀.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၄၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် Website မိတ်ဆက်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက် အမှာစကားပြောကြား



၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့၊ (၁၃း၃၀)နာရီအချိန်တွင် ရုံးအမှတ် (၅၂)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် Website မိတ်ဆက်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

Website မိတ်ဆက်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးလုပ်ငန်းများအကြား မျှတသည့်ယှဉ်ပြိုင်မှုဖြစ်စေရေး၊ ဈေးကွက်ထိန်းချုပ်ခြင်းများမရှိစေရေး၊ အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်နိုင်ရေး၊ ဈေးကွက်အတွင်း ကောင်းမွန်သည့်ယှဉ်ပြိုင်မှုများကိုအားပေးပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအားလုံး တစ်ပြေးညီ တိုးတက်လာစေရေးနှင့် သာတူညီမျှခံစားခွင့်ရရှိစေရေးတို့အတွက် ယှဉ်ပြိုင်မှုဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းထားပြီး ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများအပေါ် ကဏ္ဍအလိုက် ဦးစားပေးအစီအစဉ်များဖြင့် အသိပညာပေးဆွေးနွေးမှုအစီအစဉ်များလည်း စဉ်ဆက်

မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသိပညာပေးအစီအစဉ်များတွင် Website များမှတစ်ဆင့် အသိပညာပေးခြင်းလည်း ပါဝင်သည့်အတွက် ယှဉ်ပြိုင်မှုဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ရယူနိုင်ရေး၊ ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားမှုများကို လက်ခံရယူနိုင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် ဖန်တီးနိုင်ရေး၊ အာဆီယံဒေသတွင်းနှင့် မိတ်ဖက်နိုင်ငံ၊ အဖွဲ့အစည်းများ၏ ယှဉ်ပြိုင်မှုဆိုင်ရာ Website များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် Website ကို ရေးဆွဲအကောင်အထည်ဖော်ရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်အဖွဲ့ဝင်များ၊ အစိုးရဌာန/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source: https://commerce.gov.mm**

## တရုတ်ဈေးကွက်အကြိုက်ဖြစ်နေသည့် မြန်မာ့ပဲတီစိမ်း




မြန်မာ့ပဲမျိုးစုံဈေးကွက်တွင် ပဲတီစိမ်းမှာလည်း နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့် သီးနှံတစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။

အဆိုပါ ပဲတီစိမ်းများကို အဓိကအားဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်ဈေးကွက်သို့ တင်ပို့ခြင်းများရှိပြီး ရွှေလီနှင့်ဝမ်တိန်ဘက်မှ အဓိကအားဖြင့် နေ့စဉ် ပျမ်းမျှ ကုန်တင်ကား အစီးရေ ၃၀ ခန့် ပို့ဆောင်လေ့ရှိသည်။ မြန်မာနိုင်ငံမှ ပဲတီစိမ်းကို တင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများဖြင့် ပြည်ပဈေးကွက်များသို့ အဓိကတင်ပို့လျက်ရှိပြီး အဓိကအားဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံသည် ပဲတီစိမ်းစိုက်ပျိုးမှုများသလို တင်ပို့မှုအပိုင်းတွင်လည်း အများဆုံးတင်ပို့နိုင်သည့် နိုင်ငံစာရင်းတွင် ပါဝင်လျက်ရှိသည်။ လက်ရှိအချိန်တွင် မြန်မာ့ပဲတီစိမ်း ဈေးနှုန်းများမှာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဈေးပိုမိုရရှိနေသလို တင်ပို့မှုအပိုင်းတွင် ပိုမိုတင်ပို့နိုင်ခြင်းကြောင့် အလားအလာကောင်းများစွာရှိနေသည့် သီးနှံတစ်မျိုးအဖြစ် တည်ရှိနေလျက် ရှိသည်။

ပဲတီစိမ်းသည် မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန် အများဆုံး ၁၀ မျိုးစာရင်းတွင် ပါဝင်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း တန်ချိန်ပေါင်း ၂,၇၉,၉၂၉ တန်၊ အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၈၂၅ သန်းဖိုးတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများ၌ဖော်ပြထားသည်။ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ရွှေလီနှင့်ဝမ်တိန်ဘက်မှ နေ့စဉ်ပျမ်းမျှ ကုန်တင်ကားအစီးရေ ၃၀ ခန့် တင်ပို့လျက်ရှိသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလတစ်လတည်းမှာပင် တရုတ်နိုင်ငံသို့ ပဲတီစိမ်းတန်ချိန် ၁၅၃၀ ကျော် တင်ပို့နိုင်ခဲ့သလို စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံစသည်ဖြင့် တင်ပို့နိုင်ခဲ့ပြီး အိမ်နီးချင်းဖြစ်သည့် ထိုင်းနိုင်ငံသို့လည်း တန်ချိန် ၇၀၀ ခန့်တင်ပို့နိုင်ခဲ့သည်။ ထို့ပြင် ယူအေအီးနိုင်ငံသို့ တန်ချိန် ၁၀၀ ခန့်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့လည်း တင်ပို့နိုင်ခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများ၌ ဖော်ပြထားသည်။

မြန်မာနိုင်ငံမှ ပဲတီစိမ်းကိုပြည်ပတင်ပို့ရာတွင် အဓိကအားဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေပြီး ယခုနှစ်တွင် ယခင်နှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့သလို ယခင်နှစ်ကထက် ဈေးနှုန်းလည်း ပိုမိုရရှိခဲ့သည်။

မြန်မာနိုင်ငံအောက်ပိုင်း ခရမ်း-သုံးခွဘက်မှထွက်ရှိသည့် ပဲတီစိမ်းများကို ယခင်က မန္တလေးမြို့မှတစ်ဆင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သော်လည်း ယခုအခါ နယ်စပ်ကုန်သွယ်မှု မူဝါဒအပြောင်းအလဲများကြောင့် ပဲတီစိမ်းဈေးကွက်မှာ ရန်ကုန်ပဲဈေးကွက်သို့ ပြောင်းရွှေ့လာပြီး တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ တစ်ဆင့် တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပဲတီစိမ်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ဈေးကွက်အခြေအနေကို ကြည့်ကာ လုပ်ဆောင်ကြရခြင်းဖြစ်သည်။ အပူပိုင်းဒေသ အာရှနိုင်ငံများတွင် ပဲတီစိမ်းကိုစိုက်ပျိုးလေ့ရှိကြပြီး မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းဒေသများ၌ စိုက်ပျိုးကြသည်။ မိုးရေသောက် သီးနှံအဖြစ် မိုးဦး၊ မိုးလယ်ကာလတို့တွင် သီးသန့်(သို့) ဝါ၊ ပဲစင်းငုံတို့နှင့်အတူ သီးညှပ်အဖြစ် စိုက်ပျိုးလေ့ရှိကြသည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင်မူ မိုးစပါးအပြီး သီးထပ်စိုက်ပျိုးပြီး ရေသွင်းနိုင်သည့်ဒေသများတွင် မိုးကြိုသီးနှံအဖြစ် စိုက်ပျိုးထားကြသည်။

ပဲတီစိမ်းကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်စိုက်ပျိုးကြပြီး ၂၀၁၂-၂၀၁၃ ကာလအတွင်း မြန်မာနိုင်ငံရှိ ပဲတီစိမ်း စိုက်ဧရိယာမှာ ဧက ၂၆,၈၅,၅၂ နှင့် ထုတ်လုပ်မှုမှာ ၃၂၃,၆၇,၃၃၂ တင်းထွက်ရှိခဲ့သည်။ လက်ရှိတွင် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလအထိ မြန်မာနိုင်ငံမှ ပဲတီစိမ်းတန်ချိန် ၅၀,၀၀၀ ကျော်လောက်သာထွက်နေပြီး တန်ချိန် ၂၀,၀၀၀ ကျော်မှာ တရုတ်သို့တင်ပို့ခြင်းဖြစ်ပြီး စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၄,၀၀၀ ခန့် တင်ပို့လျက်ရှိသည်။ စင်ကာပူနိုင်ငံသို့တင်ပို့မှုမှာ တစ်ဆင့်တင်ပို့မှုများလည်းရှိကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ဆိုထားကြသည်။ အိန္ဒိယနိုင်ငံသို့လည်း တိုက်ရိုက် တင်ပို့မှုအဖြစ် တန် ၁,၀၀၀ ခန့် တင်ပို့ခဲ့ကြသလို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က မြန်မာ့ပဲတီစိမ်း တန်ချိန် ၁၀,၀၀၀ ကျော်ကို ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပဲတီစိမ်းထွက်ရှိမှု၏ ၄၀ ရာခိုင်နှုန်းခန့်သာတင်ပို့နေပြီး ဆက်လက်တင်ပို့မည့် အခြေအနေ ဖြစ်နေလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲတီစိမ်းတန်ချိန် ခြောက်သိန်းတင်ပို့ရန်မှန်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများ၌ ဖော်ပြထားသည်။ ထိုသို့တင်ပို့ရာတွင် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲစီကို လေးကြိမ်ခွဲကာ တန်ချိန် ခြောက်သိန်း တင်ပို့ရန်လျာထားကြသည်။ ပဲတီစိမ်းကို တရုတ်နိုင်ငံသာမကဘဲ အိန္ဒိယ၊ နယ်သာလန်၊ အိုင်ယာလန်၊ အင်္ဂလန်၊ ဂျာမနီစသည့်နိုင်ငံများထံသို့ ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးများမှတစ်ဆင့် တင်ပို့လေ့ရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ ကာလအတွင်းက ပြည်ပသို့ ပဲတီစိမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆၉ ဒသမ ၂၉၅ သန်းအထိ ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ ပြည်ပပို့ကုန်ကုန်သည်များက အဝယ်လိုက်လာခြင်းကြောင့် ပဲတီစိမ်းဈေးမှာ အနည်းငယ် မြင့်တက်သွားသည်။ အလားတူ မြေထောက်ပဲ၊ ပဲကြီး၊ ပဲထောပတ်၊ ပဲဇီးကွက်နှင့် နှမ်းနက်၊ မြေပဲဆန်တို့မှာ ဇန်နဝါရီလကုန်ပိုင်းရက်များလောက်တွင် ဈေးမြင့်တက်လာခဲ့သည်။ လက်ရှိတွင် တရုတ်နိုင်ငံအပါအဝင် ဥရောပနိုင်ငံများသို့ ပဲတီစိမ်းတင်ပို့မှုရှိပြီး ပဲအသစ်များ ထွက်ပေါ်နေခြင်းကြောင့် ပဲဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်။ ရန်ကုန်ဈေးကွက်တွင်လည်း ပဲတီစိမ်း (ခရမ်းရွှေဝါ)ထိပ်စ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂,၁၄,၀၀၀ ကျော်ပေါက်ဈေးရှိပြီး ပဲတီစိမ်းအညာမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁,၉၀,၀၀၀ ပေါက်ဈေးရှိသလို တစ်ရက်အတွင်း တစ်အိတ်လျှင် ၅၀၀၀ ကျပ်ခန့် ဈေးမြင့်တက်လာခဲ့သည်။

ယခုလအတွင်း ပြည်ပသို့ပဲတီစိမ်းများတင်ပို့မှုရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး ပဲတီစိမ်းစိုက်ပျိုးသည့် ဒေသစုံမှပဲတီစိမ်းများ လှိုင်လှိုင်ထွက်ပေါ်ချိန်လည်းဖြစ်သည်။ ဝယ်လိုအားမှာလည်း မြင့်တက်လာသလို ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စတင်ထွက်ပေါ်နေလျက်ရှိသည်။ တရုတ်ဈေးကွက်မှလည်း ဝယ်လိုအားများ သိသာစွာတိုးလာပြီး ပြည်ပပို့ကုန်ဝယ်လက်များက ဈေးကွက်အတွင်း လိုက်လံဝယ်ယူမှုများရှိသလို ဈေးကွက်အကြိုက်ဖြစ်လာကာ အလားအလာကောင်းတစ်ခုကို ပိုင်ဆိုင်နိုင်တော့မည့်အကြောင်း ရေးသားလိုက်ရပေသည်။

**Source:** https://t.me/htwettoe

## ဆန်၊ ဆန်ကွဲ၊ ဖွဲနုဈေးများ အနည်းငယ်ကျဆင်း

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ (၂၃.၂.၂၀၂၄)ရက်နေ့တွင် ညှော်မထဆန်(မနော်သုခ) တစ်အိတ်လျှင် (၈၂,၀၀၀/-)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် လျှင် (၁,၃၀,၀၀၀/-)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁,၁၀,၀၀၀/-)ကျပ်၊ ဆန်ကွဲ (1,2) တစ်အိတ်လျှင် (၅၄,၀၀၀/-)ကျပ်၊ ဆန်ကွဲ (2,3,4) တစ်အိတ်လျှင် (၅၂,၀၀၀/-)ကျပ်နှင့် ဖွဲနု တစ်အိတ် လျှင် (၁၅,၉၀၀/-)ကျပ် တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ (၁.၃.၂၀၂၄) ရက်နေ့တွင် ညှော်မထဆန်(မနော်သုခ) တစ်အိတ်လျှင် (၈၀,၀၀၀/-)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ်လျှင် (၁,၂၀,၀၀၀/-)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁,၀၀,၀၀၀/-)ကျပ်၊ ဆန်ကွဲ(1,2) တစ်အိတ်လျှင် (၅၃,၀၀၀/-)ကျပ်၊ ဆန်ကွဲ(2,3,4) တစ်အိတ်လျှင် (၅၁,၀၀၀/-) ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် (၁၅,၆၀၀/-)ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော်မထဆန် (မနော်သုခ)တစ်အိတ်လျှင် (၂၀၀၀/-) ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ်လျှင် (၁၀,၀၀၀/-)ကျပ်၊ ပေါ်ဆန်းမွှေးဆန် (သစ်) တစ်အိတ်လျှင် (၁၀,၀၀၀/-)ကျပ်၊ ဆန်ကွဲ (1,2) တစ်အိတ်လျှင် (၁၀၀၀/-)ကျပ်၊ ဆန်ကွဲ (2,3,4) တစ်အိတ်လျှင် (၁၀၀၀/-)ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် (၃၀၀/-) ကျပ် တို့ဖြင့် ဈေးကျဆင်းခဲ့သည်။ ဆန်၊ ဆန်ကွဲ၊ ဖွဲနု ဈေးကျဆင်းသွားခြင်းမှာ ဝယ်လိုအားနည်းခြင်း၊ ပစ္စည်းများ အဝင်များလာခြင်း တို့ကြောင့် ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရသည်။

Source: **ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## နှမ်းဈေးများငြိမ်ကာ ပဲမျိုးစုံဈေးအနည်းငယ်ကျ

မကွေးတိုင်းဒေသကြီးအတွင်းရှိ အောင်လံကုန်စည်ဒိုင်တွင် နှမ်း၊ မြေပဲနှင့်ပဲမျိုးစုံတို့ ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ယခုရက်ပိုင်းတွင် နှမ်းဈေးများငြိမ်လျက်ရှိပြီး ပဲမျိုးစုံဈေးများမှာ အကျဘက်သို့ဦးတည်နေသည်။

ဖေဖော်ဝါရီလ တတိယပတ်တွင် ပဲစင်းငုံ(နီ)ဈေးမှာ ၂၀ ပိသာတစ်တင်းလျှင် ကျပ်(၁,၂၅,၅၀၀)၊ မတ်ပဲဈေးမှာ ၂၀ ပိသာတစ်တင်းလျှင် ကျပ်(၉၈,၀၀၀)၊ ပဲတီစိမ်းဈေးမှာ ၂၀ ပိသာတစ်တင်းလျှင် ကျပ်(၇၀,၀၀၀)၊ ပဲနောက်ဈေးမှာ ၂၀ ပိသာတစ်တင်းလျှင် ကျပ်(၆၁,၀၀၀)၊ ကုလားပဲ(HL)ဈေးမှာ ကျပ်(၉၆,၀၀၀)၊ ကုလားပဲ(မြကြေး)ဈေးမှာ ကျပ်(၉၆,၀၀၀)၊ ပဲကြီးဈေးမှာ ကျပ်(၁,၂၄,၅၀၀)၊ ဘိုကိတ်ပြာဈေးမှာ ကျပ်(၇၀,၀၀၀)ဈေးအထိ ရရှိခဲ့သည်။

ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ပဲစင်းငုံ(နီ)ဈေးမှာ ၂၀ ပိသာတစ်တင်းလျှင် ကျပ်(၁,၁၇,၀၀၀)၊ မတ်ပဲဈေးမှာ ၂၀ ပိသာတစ်တင်းလျှင် ကျပ်(၉၃,၀၀၀)၊ ပဲတီစိမ်းဈေးမှာ ၂၀ ပိသာတစ်တင်းလျှင် ကျပ်(၆၈,၀၀၀)၊ ပဲနောက်ဈေးမှာ ၂၀ ပိသာတစ်တင်းလျှင် ကျပ်(၅၈,၀၀၀)၊ ကုလားပဲ(HL)ဈေးမှာ ကျပ်(၈၆,၀၀၀)၊ ကုလားပဲ(မြကြေး)ဈေးမှာ ကျပ်(၈၅,၀၀၀)၊ ပဲကြီးဈေးမှာ ကျပ်(၉၆,၀၀၀)၊ ဘိုကိတ်ပြာဈေးမှာ ကျပ်(၆၈,၀၀၀)ဈေးအထိသာရရှိသည့်အတွက် ဖေဖော်ဝါရီလတတိယပတ်နှင့် နှိုင်းယှဉ်ပါက ဈေးကျဆင်းလာသည်ကို တွေ့ရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကြက်သွန်နီဈေးပြန်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်း မိုးကြက်သွန်နီများ ဈေးကွက်ထဲသို့ အများအပြားဝင်ရောက်လာနေပါသည်။ ကြက်သွန်နီ အဓိကစိုက်ပျိုးထွက်ရှိရာ ပခုက္ကူ၊ ဆိပ်ဖြူ၊ ရေနံချောင်းနှင့်မင်းဘူးဒေသတို့မှ ကြက်သွန်နီများ ဈေးကွက်ထဲသို့ ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မိုးကြက်သွန်နီပေါ်စတွင် ဈေးရရှိသော်လည်း ဈေးကွက်ထဲသို့ အများအပြား းဝင်ရောက်လာချိန်တွင် ဈေးကျဆင်းသွားကာ ယခုလက်ရှိအချိန်မှာ ပြည်ပဝယ်လိုအားရှိနေတဲ့အတွက် ဈေးပြန်လည်မြင့်တက်လာသည်။

မိုးကြက်သွန်နီပေါ်စ ဒီဇင်ဘာလတွင် ကြက်သွန်နီတစ်ပိသာလျှင် ကျပ်(၂၇၀၀)ထိ ဈေးရရှိခဲ့ပြီး လှိုင်လှိုင်ပေါ်ချိန်တွင် ကြက်သွန်နီတစ်ပိသာလျှင် ကျပ်(၁၅၀၀)ဈေးသာ ရရှိခဲ့ကာ ယခုအချိန် ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြည်ပဝယ်လိုအားရှိနေ၍ ကြက်သွန်နီတစ်ပိသာလျှင် ကျပ်(၂၈၀၀) ဈေးထိ ဈေးပေးဝယ်ယူနေသဖြင့် ကြက်သွန်စိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ မတ်လအတွင်း နိုင်ငံတကာ ကုန်တင်သင်္ဘော ၅၅ စင်း ဝင်ရောက်ဆိုက်ကပ် ကုန်သွယ်မှုပြုလုပ်မည်



ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ မတ်လအတွင်း နိုင်ငံတကာ ကုန်တင်သင်္ဘောလိုင်း ၁၅ လိုင်းမှ ကုန်တင်သင်္ဘော ၅၅ စင်း ဝင်ရောက် ဆိုက်ကပ် ကုန်သွယ်မှု ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အဖွဲ့မှ သိရသည်။

မတ်လအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဝင်ရောက် ဆိုက်ကပ် ကုန်သွယ်မှုပြုလုပ်မည့် နိုင်ငံတကာကုန်တင် သင်္ဘောလိုင်းများ ဖြစ်သော MAE-RSK A/S သင်္ဘောလိုင်းမှ ခုနစ်စင်း၊ COSCO သင်္ဘောလိုင်းမှခြောက်စင်း၊ SAMUDERA သင်္ဘောလိုင်းမှ ခြောက်စင်း၊ MSC သင်္ဘောလိုင်းမှ ငါးစင်း၊ SITC သင်္ဘောလိုင်းမှ ငါးစင်း၊ CMA-CGMသင်္ဘောလိုင်းမှ လေးစင်း၊ Ti2 CONTA-INER သင်္ဘောလိုင်းမှ လေးစင်း၊ EVER-GREEN သင်္ဘောလိုင်းမှ သုံးစင်း၊ ONE သင်္ဘောလိုင်းမှ သုံးစင်း၊ R.C.Lသင်္ဘောလိုင်းမှ သုံးစင်း၊ BAY သင်္ဘောလိုင်းမှ နှစ်စင်း၊ BLPL သင်္ဘောလိုင်းမှ နှစ်စင်း၊ LAND AND SEA သင်္ဘောလိုင်းမှ နှစ်စင်း၊ PIL သင်္ဘောလိုင်းမှ နှစ်စင်း၊ I.A.Lသင်္ဘောလိုင်းမှ တစ်စင်း စုစုပေါင်း နိုင်ငံတကာ ကုန်တင်သင်္ဘော ၅၅ စင်း ဝင်ရောက်ဆိုက်ကပ် ကုန်သွယ်မည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာ ကုန်တင်သင်္ဘောအစင်းရေ ၆၂၉ စင်း ဝင်ရောက်ဆိုက်ကပ် ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ၄၉ စင်း၊ ဖေဖော်ဝါရီလက ၅၃ စင်း ဝင်ရောက်ဆိုက်ကပ် ကုန်သွယ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာကုန်သွယ်မှုများအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဧရိယာ၌ အလျားမီတာ ၂၀၀ Deadweight Tonnage (DWT))တန် ၃၅,၀၀၀ ရှိသော အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောကြီးများ ဝင်ရောက် ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၂၈ စင်းနှင့် သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း ဧရိယာ၌ အလျားမီတာ ၃၀၀ Dead-weight Tonnage (DWT) တန် ၅၀,၀၀၀ ရှိသော အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ် နိုင်သည့် ဆိပ်ခံတံတားအစင်း ၂၀ တို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**Source: https://www.myawady.net.mm**

## တရုတ်နိုင်ငံသို့ ဗီယက်နမ်လယ်ယာထွက်ကုန် တင်ပို့မှုတိုးမြင့်လာနိုင်သည်ဟု ခန့်မှန်း

ဗီယက်နမ်ကြက်သားများကို တရားဝင်တင်ပို့ခွင့်ပြုသည့် စည်းမျဉ်းများအား ပြန်လည်စိစစ်ပေးရန် ယခုနှစ်အစောပိုင်းက တရုတ်၏ သဘောတူချက်အရ တရုတ်နိုင်ငံသို့ ဗီယက်နမ်လယ်ယာပို့ကုန်တင်ပို့မှုသည် တိုးမြင့်လာနိုင်ကြောင်း ဗီယက်နမ်၊ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုအေဂျင်စီမှ သိရသည်။ ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၊ စာရင်းအင်းများအရ ပြီးခဲ့သည့်နှစ်က ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ အသားနှင့်အသားထုတ်ကုန်ပစ္စည်း တန်ချိန် ၂၂,၄၅၀ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၁၀ ဒသမ ၃၅ သန်း တင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်ထက်ပမာဏ ၁၉ ရာခိုင်နှုန်းနှင့် တန်ဖိုးတွင် ၃၀ ဒသမ ၄ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမှ အများဆုံးတင်ပို့ခဲ့သည့် ၂၈ နိုင်ငံအနက် ဟောင်ကောင်၊ တရုတ်၊ ဘယ်လ်ဂျီယံ၊ ပါပူဝါနယူးဂီနီ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ပြင်သစ်နှင့်အမေရိကန်တို့သည် ထိပ်တန်းတင်သွင်းသူများဖြစ်ကြောင်း။ ဗီယက်နမ်သည်ကြက်သားနှင့် စားသုံးနိုင်သောထုတ်ကုန်များ တန်ချိန် ၄၇၇၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၄ သန်းကို ပြီးခဲ့သည့်နှစ်ကထက် ပမာဏအားဖြင့် ၁၃၆ ဒသမ ၁ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ၂၁၄ ရာခိုင်နှုန်း တိုးမြင့်ရောင်းချခဲ့ကြောင်း၊ အဓိက ဝယ်ယူသူများမှာ တရုတ်၊ ပါပူဝါနယူးဂီနီ၊ မလေးရှား၊ တောင်ကိုရီးယားနှင့်ဟောင်ကောင်တို့ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

နှစ်နိုင်ငံကြား ၂၀၂၂ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် ငှက်သိုက်တင်ပို့မှုသဘောတူညီချက်နှင့် ၂၀၁၉ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသော နို့ထွက်ပစ္စည်းတင်ပို့မှု သဘောတူညီချက်တို့အရ လက်ရှိတွင်ဗီယက်နမ်နိုင်ငံသည် ငှက်သိုက်နှင့် နို့အပါအဝင် မွေးမြူရေးလုပ်ငန်းမှ ထုတ်ကုန်နှစ်ခုကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နေသည်။

**Source: VnExpress International**

**Source: https://commerce.gov.mm**

## ဆန်တန်ချိန် ၃ သိန်း တင်သွင်းရန် အင်ဒိုနီးရှား နိုင်ငံတကာ တင်ဒါခေါ်ယူ

အင်ဒိုနီးရှားနိုင်ငံတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ၂၀၂၃ ခုနှစ်တွင် မိုးရွာသွန်းမှုလျော့ကျခဲ့ပြီး စပါးအထွက်နှုန်း လျော့ကျခြင်း၊ စပါးရိတ်သိမ်းချိန်နောက်ကျသဖြင့် ဆန်ဟောင်းလက်ကျန်နည်းပါးနေချိန် ဆန်သစ်အဝင်နောက်ကျခြင်း တို့ကြောင့် နိုင်ငံလူဦးရေ သန်း ၂၇၀ တွင် အများစုအတွက် အဓိကကျသည့် ဆန်ဈေးနှုန်းများသည် ယမန်နှစ်ကတည်းက ၁၆ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည်။

အသက် ၅၅ နှစ်အရွယ် အုန်းသီးရောင်းချသူ Masih သည် ဆန် ၅ ကီလိုဂရမ် (၁၁ ပေါင်) အိတ်ကို အစိုးရအစီအစဉ်ဖြင့် ရောင်းချသည့်နေရာတွင် တိုးကြိတ်တန်းစီပြီး ဝယ်ယူခဲ့သည်။ "ဒီမှာ တန်းစီပြီး ဆန်ဝယ်ယူတာ ပိုသက်သာပါတယ်။ ဈေးမှာ ဈေးကြီးတဲ့အတွက် ဒီမှာ ဈေးသက်သက်သာသာနဲ့ ဝယ်ပါတယ်" ဟု သူမက ပြောပြသည်။ ဆန် ပြင်ပပေါက်ဈေးသည် တစ်ကီလိုဂရမ် ရူပီယာ ၁၄,၃၀၀ ရှိပြီး ဈေးများမှ ဆန်ဆိုင်များတွင် တစ်ကီလိုဂရမ်လျှင် ရူပီယာ ၁၀,၆၀၀ (ကန်ဒေါ်လာ ၀.၆၇၈) ထက် မပိုရဟု အစိုးရက အများဆုံးဈေးနှုန်း ပြဋ္ဌာန်းထားသည်။

အစိုးရ စားနပ်ရိက္ခာ အဖွဲ့အစည်း Bulog က ဆန်ကိုလိုသည်ထက် ပိုဝယ်ကြပြီး သိုလှောင်ထားခြင်းကို တားဆီးရန် ဝယ်ယူသူတစ်ဦးလျှင် ၁၀ ကီလိုဂရမ်ထက် ပိုမရောင်းရန်လည်း သတ်မှတ်ထားသည်။ အစိုးရသည် ပုံမှန်အားဖြင့် စားသောက်ကုန်များ ဈေးတက်သည့်အခါ အစိုးရထောက်ပံ့ပေးထားသည့်ဈေးနှုန်းဖြင့် ရောင်းချပေးသည်။

လက်လီအရောင်းဆိုင်များတွင် ဆန်ရှားပါးလာခဲ့ပြီးနောက် Bulog သည် ဇန်နဝါရီလမှစတင်၍ နိုင်ငံတစ်ဝှမ်းရှိ ရာနှင့်ချီသော ဈေးဆိုင်များမှတစ်ဆင့် အစိုးရအရန်ဆန် မက်ထရစ်တန်ချိန် ၃,၀၀,၀၀၀ ကျော်ကို ဖြန့်ဖြူးရောင်းချခဲ့သည်။ Bulog ကို ကြီးကြပ်သည့် အမျိုးသားစားနပ်ရိက္ခာအေဂျင်စီက ဇန်နဝါရီလတွင် ဈေးဆိုင် ၄၂၉ ခုမှတစ်ဆင့် ဆန်များ ရောင်းခဲ့ပြီး ဖေဖော်ဝါရီလကုန်တွင် နောက်ထပ် ၃၁၅ ဆိုင် ထပ်တိုးပေးခဲ့သည်။

ယခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတွင် စိုက်ပျိုးမှုနှောင့်နှေးခြင်းနှင့် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် စပါးရိတ်သိမ်းချိန် တစ်လနောက်ကျသည်။ သို့ဖြစ်ရာ ဇန်နဝါရီလတွင် ဆန် မက်ထရစ်တန် ၁ ဒသမ ၆၃ သန်းနှင့် ဖေဖော်ဝါရီလတွင် မက်ထရစ်တန် ၁ ဒသမ ၁၅ သန်း လိုအပ်နေခဲ့သည်။ အင်ဒိုနီးရှားသည် ၂၀၂၃ ခုနှစ်တွင် စံချိန်တင် ဆန်တင်သွင်းခဲ့သည်။ ၂၀၂၄ ခုနှစ်အတွက် ယခင်ခွင့်ပြုထားသော တန်ချိန် ၂ သန်းအပြင် နောက်ထပ် မက်ထရစ်တန်ချိန် ၁ ဒသမ ၆ သန်းကို ထပ်မံတင်သွင်းရန် ခွဲတမ်းခွဲဝေပေးခဲ့သည်။

BULOG သည် ဆန်မက်ထရစ်တန်ချိန် ၃ သိန်း တင်သွင်းရန် ဖေဖော်ဝါရီလ ၂၇ ရက်တွင် နိုင်ငံတကာ တင်ဒါခေါ်ယူခဲ့ပြီး ယင်းနေ့ရက် ဖေဖော်ဝါရီလ ၂၇ ရက်တွင် စာရင်းပိတ်သည်။ စာရင်းပေးသွင်းထားသူများသည် ဖေဖော်ဝါရီလ ၂၈ ရက်တွင် ၅ ရာခိုင်နှုန်း ဆန်ကွဲပါ ဆန်ဖြူအတွက် ဈေးနှုန်းများ အဆိုပြုတင်သွင်းကြရသည်။ BULOG က တစ်ပတ်အတွင်း စိစစ်ပြီး ဆုံးဖြတ်ချက်ချပေးမည်ဟု ပြောကြားခဲ့သည်။

တင်ဒါအောင်သည့်ကုမ္ပဏီသည် လာမည့် ဧပြီလ ၃၀ ရက် နောက်ဆုံးထားပြီး အင်ဒိုနီးရှားသို့ ဆန်များဆိုက်ရောက် ရမည်။ ဆန်ကို အိတ်များဖြင့်တင်သွင်းရမည်ဖြစ်ပြီး ကွန်တိန်နာမသုံးစွဲဘဲ ဝမ်းပုံတင် bulk သင်္ဘောဖြင့် တင်သွင်းရမည် ဖြစ်သည်။ သင်္ဘောတစ်စီးစာသည် မက်ထရစ်တန်ချိန် ၃၀,၀၀၀ မှ ၃၂,၅၀၀ အထိ ဖြစ်ရမည်ဟု ညွှန်ကြားထားသည်။ BULOG သည် ယခင်တစ်ကြိမ် တင်ဒါကို ဇန်နဝါရီ ၃၁ ရက်တွင် ဆန်တန်ချိန် ၅,၀၀,၀၀၀ တင်သွင်းရန်အတွက် ခေါ်ယူခဲ့သည်။

**Source: Reuters**

**Source: https://www.foodindustrydirectory.com.mm**

# STOCK EXCHANGE (1.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 1st Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,660 (Shares) | 40,327,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 707 | 5,868,100 | 33,109,694 | 274,811 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 912 | 2,645,800 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,550 | 1,550 | 1,500 | 6,005 | 9,007,750 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 2 | 5,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 185 | 315,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 12,849 | 22,485,750 | 23,804,946 | 41,659 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 1st Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,660 (Shares) | 40,327,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 707 | 5,868,100 | 33,109,694 | 274,811 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 912 | 2,645,800 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,550 | 1,550 | 1,500 | 6,005 | 9,007,750 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 2 | 5,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 185 | 315,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 12,849 | 22,485,750 | 23,804,946 | 41,659 |


## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 1st Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,564 (Shares) | 28,495,650 (MMK) |

| MYANPIX | 355.40 ▼ 0.79 |
|---|---|
| Total Volume (shares) | 13,564 |
| Total Value (MMK) | 28 mil |
| Listed Company | 8 |
| Market Cap. (MMK) | 670,358 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |